**အသိပေးကြေညာချက်**

၁။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက် (တနင်္လာနေ့)သည် အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉)ဖြင့် ကြေညာထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သက်တမ်းတိုးခြင်း၊ မှတ်ပုံတင်ယာဉ် မှန်ကန်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းတို့အတွက် Online Booking System ဖြင့် အဆိုပါနေ့ရက်အတွက် ရက်ချိန်းရယူထားသည့် ပြည်သူများ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရန် (၆.၈.၂၀၁၉) ရက်နေ့မှ စတင်ပြီး ရက်ချိန်းရယူထားသော ပြည်သူများနှင့် ဆက်သွယ်၍ ကာယကံရှင်များ၏ဆန္ဒအတိုင်း ရက်ချိန်းပြောင်းလဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန